**လယ်ယာမြေအခွင့်အရေးအတွက် မေးမြန်းရန် စာရင်း(Checklist)**

၁။ ပြဿနာ၏ သဘောသဘာဝက ဘာလဲ။ မြေယာကို လက်ရှိ နေထိုင်လုပ်ကိုင်နေသူထံမှ သိမ်းယူသွားပါသလား။ (သို့မဟုတ်) နေထိုင်လုပ်ကိုင်နေသူနှင့် တခြားသော အုပ်စုတို့ကြား အငြင်းပွားမှု ရှိပါသလား။

၂။ အင်တာဗျူး ဖြေကြားသူ၏ မြေကို အစိုးရက သိမ်းပိုက်ခဲ့ပါသလား။ သိမ်းပိုက်ခဲ့လျှင်- မည်သည့် ဌာနက သိမ်းပိုက်ခဲ့ပါသနည်း။ တပ်မတော်ကလား။ မြို့နယ် အာဏာပိုင်ကလား။ စသဖြင့်-၎င်း ကိစ္စများသည် မည်သည့်အချိန်က ဖြစ်ပျက်ခဲ့ပါသနည်း။ လယ်ယာမြေ မည်မျှလောက် သိမ်းပိုက်ခံခဲ့ရပါသနည်း။

၃။ မြေယာကို အစိုးရမဟုတ်ဘဲ တခြားသော သူများက သိမ်းပိုက်ခဲ့ပါသလား။ ဥပမာ- ကုမ္ပဏီ

၄။ လယ်ယာမြေကို သူက ဘယ်လောက်ကြာကြာ ပိုင်ဆိုင်ခဲ့ပါသလဲ။ မိဘများမှ သူ/သူမတို့အား မြေယာကို ပေးခဲ့တာလား။

၅။ မြေအားလုံး (သို့မဟုတ်) အချို့သောမြေများသည် ရွာသားများပိုင်ဆိုင်သည့် အများပိုင်မြေဖြစ်ခဲ့ပါသလား။

၆။ လယ်ယာမြေသိမ်းပိုက်ခံရသူများတွင် မြေယာပိုင်ဆိုင်မှုနှင့် ပတ်သက်၍ အစိုးရထံမှ ထုတ်ပေးထားသည့် အထောက်အထားများ ရှိပါသား။ ၎င်းတို့မှာ မြေယာအတွက် အခွန်ပေးဆောင်သည့် ဘောင်ချာစာရွက် (သို့မဟုတ်) တခြားသော အထောက်အထားများလည်းဖြစ်နိုင်သည်။ ၎င်းကဲ့သို့ အထောက်အထားများ၏ မိတ္တူကို ရယူပါ။

၇။ လယ်ယာမြေသည် စိုက်ပျိုးမြေဖြစ်လျှင်-နေထိုင်အသုံးပြုသူမှ ၎င်းမြေအား ၂၀၁၂-ခုနှစ် ဥပဒေနှင့် အညီ မှတ်ပုံတင်ရန် ကြိုးစားခဲ့ပါသလား။

၈။ လယ်ယာမြေအား မြေလပ်၊မြေလွတ်၊မြေရိုင်း အဖြစ် သတ်မှတ်ထားပါက နေထိုင်လုပ်ကိုင်သူက ၂၀၁၂-ခုနှစ်၊ မြေလပ်၊မြေလွတ်၊မြေရိုင်း ဥပဒေနှင့်အညီ မှတ်ပုံတင်ရန် ကြိုးစားခဲ့ပါသလား။

၉။ လယ်ယာမြေသိမ်းပိုက်ခံရသူများကို လျော်ကြေးပေးတာ ရှိခဲ့ပါသလား။ ဘယ်လောက် ပေးပါသလဲ။ ၎င်းလျော်ကြေးမှာ မည်သည့်အတွက် ပေးတာလဲ။ လယ်ယာမြေအတွက်၊ သီးနှံအတွက်၊ အဆောက်အဦးအတွက် စသဖြင့် ပေးသည့် လျော်ကြေးလား။

၁၀။ အာဏာပိုင်များမှ လယ်ယာမြေကို မသိမ်းပိုက်မီ ပိုင်ရှင်များနှင့် ဆွေးနွေးညှိနှိုင်းမှုများ ရှိခဲ့ပါသလား။ အာဏာပိုင်များမှ လယ်ယာမြေသိမ်းဆည်းခြင်းအစား တခြားသော ဖြစ်နိုင်ခြေ နည်းလမ်းများကို ဆွေးနွေးပါသလား။ မည်သည့် အကြောင်းရင်းကြောင့် လယ်ယာမြေကို သိမ်းပိုက်ရသည်ဟု ရှင်းပြပါသလား။

၁၁။ အာဏာပိုင်များမှ မြေယာကို မသိမ်းပိုက်မီ ပိုင်ရှင်များထံသို့ အသိပေးစာ(notice) မည်မျှ ပေးပို့ခဲ့ပါသနည်း။

၁၂။ မြေကို မည်ကဲ့သို့ သိမ်းပိုက်ခံခဲ့ရပါသနည်း။ အာဏာပိုင်များမှ လာရောက် သိမ်းပိုက်ခဲ့တာလား။ မြေကို အာဏာပိုင်များက အတင်းအဓမ္မ အားသုံး သိမ်းပိုက်ခဲ့တာလား။

၁၃။ အာဏာပိုင်များမှ လယ်ယာမြေ/နေအိမ်များကို အစားထိုး လျော်ပေး ခဲ့ပါသလား။ ရှိလျှင်-မြေနှင့် အဆောက်အဦးအရည်အသွေးက ဘယ်လိုရှိပါသလဲ။

၁၄။ နေရာသစ်ကို ပြောင်းရွှေ့ခံကြရသူများအတွက် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများရရှိအောင် စီစဉ်ဆောင်ရွက်ပေးထားပါသလား။ ၎င်းတို့သည် လယ်သမားများဖြစ်ကြလျှင်-မူလ လယ်ယာမြေအရည်အသွေးနှင့်ညီမျှသော လယ်ယာမြေ ကို ပြန်လည် အစားထိုးပေးပါသလား။ ၎င်းတို့သည် လယ်သမားများ မဟုတ်ကြလျှင်- ပြောင်းရွှေ့ နေရာချထားခြင်းခံရသည့် နေရာသည် ၎င်းတို့အလုပ်လုပ်သည့်နေရာနှင့် အတော်အတန် နီးသည့် နေရာတွင်တည် ရှိပါသလား။

၁၅။ ပြောင်းရွှေ့နေရာချထားခြင်းခံရသည့် နေရာတွင်/အနီးတွင် မည်သည့် ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးထားပါသလဲ။ သောက်ရေသန့်များ ရရှိပါသလား။ အနီးအနားတွင် ကျောင်းနှင့် ဆေးခန်းများ ရှိပါသလား။ မည်သည့် မိလ္လာအမျိုးအစားများကို ဆောင်ရွက် ပေးထားပါသလဲ။ လမ်းနှင့် သယ်ယူပို့ဆောင်ရေး အခြေအနေက ဘယ်လိုရှိပါသလဲ။

၁၆။ မြေပိုင်သူများမှ ၎င်းတို့၏ လယ်ယာမြေများအား မတရားသဖြင့် အတင်းအဓမ္မ သိမ်းပိုက်ခံရသည်ဟု ယူဆလျှင် သူ/သူမတို့မှ ဒေသအာဏာပိုင်များ (အမျိုးသားလွှတ်တော် လယ်ယာမြေကော်မရှင်(National Parliamentary Land

Commission)၊ မြန်မာ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်၊ ဒေသမှ လွှတ်တော်အမတ်များ စသဖြင့်) အား တိုင်းကြားခဲ့တာ ရှိပါသလား။

၁၇။ တိုင်ကြားချက်များအတွက် မည်သည့် ရလဒ်များ ရရှိခဲ့ပါသနည်း။

၁၈။ သိမ်းပိုက်ခံရသူများသည် ရှေ့နေ တစ်ယောက်ယောက်ထံမှ အကူအညီ ရခဲ့ပါသလား။

၁၉။ ရပ်ရွာအသိုင်းအဝိုင်းမှ တခြားသော လယ်ယာမြေသိမ်းပိုက်ခံရသူများမှ တိုင်ကြားမှုများ ရှိခဲ့ပါသလား။

၂၀။ လယ်ယာမြေသိမ်းဆည်းခံရသည့်အခါ ဆန့်ကျင့် ဆန္ဒပြမှုများ ရှိခဲ့ပါသလား။ ထို့အတွက် အဖမ်းခံခဲ့ရတာများ ရှိပါသား။ ထိုသူတို့အား ထောင်ဒဏ်အပြစ်ပေးတာများ ရှိခဲ့ပါသလား။ ရှိခဲ့လျှင်-မည်မျှကြာကြာ ထောင်ချခဲ့ပါသနည်း။